# မြပုလဲသွယ်

ကိုယ့်ရင်ထဲမှာမင်း မင်းရင်ထဲမှာသူ



Digital Art : Idea Kyaw & Mg Kyaw Oo

# အခန်း (၁)

အေးစက်သော မြောက်ပြန်လေသည် ပင်လယ်ရေမျက်နှာပြင်ထုကို အရှိန်ပြင်းစွာ ဖြတ်သန်းလျက် တစ်ယောက်တည်း ထီးမားစွာ ရပ်တန့်ကြည့်ငေးလျက်ရှိသော စစ်မင်းဟု န်၏ ခန္ဓာကိုယ်တစ်ခုလုံးကို စူးစူးရှရှ ထိုးဖောက်ဝင်ရောက်လာ၏။

ဧည့်သည် များ ပြန်သွားကြပြီဖြစ်သောကြောင့် စစ်မင်းဟု န်၏ ကြီးကျယ်ခမ်းနားသော အိမ်ကြီးသည် လည်း မည်သည့်အသံဗလံမျှ မကျန်ရစ်အောင်ပင် ငြိမ်သက် တိတ်ဆိတ်သွားပြီ ဖြစ်သည် ။

ခပ်စောစောက မြူးကြွသွက်လက်ခဲ့သော တေးဂီတသံများ ၊ ရယ်မောသံများ ၊ ဝတ်ကောင်းစားလှနှင့် စိန်ရောင်ရွှေရောင် ဖိတ်ဖိတ်လက်တောက်ပခဲ့သော လူများအားလုံး အိပ်မက်ပမာ လွင့်ပြယ် ပျောက်ဆုံးသွားခဲ့ပေပြီ။

ထို့အတူပင် ဂုဏ်သရေရှိ လူကြီးလူကောင်း မင်းစိုးရာဇာများ အလယ်မှာ တည်ငြိမ် ခန့်ညားသော ဣန္ဒြေ၊ ယောက်ျားပီသ၍ ချောမောသော ရုပ်သွင်၊ များ ပြားလှသော စည်းစိမ် ချမ်းသာများ ဖြင့် ပွဲလယ်တင့်စွာ လှုပ်ရှားမြူးကြွစွာ ရယ်မောပျော်ရွှင်ခဲ့သော စစ်မင်းဟန် သည် လည်း အခုတော့ တိတ်ဆိတ်ခြင်းများ လွှမ်းခြုံထားသည့် ရဲတိုက်ကြီးပမာ ကြီးကျယ်ခမ်းနားသော အိမ်ကြီးထဲမှာ သူ တစ်ယောက်တည်း ကျန်

ရစ်သည် ။

ရီဝေစူးရှသော မျက်ဝန်းအစုံက အဓိပ္ပာယ်ဖော်ဆောင်ရ ခက်ခဲစွာ ပင် တည်ငြိမ်လေးနက်လျက် တစ်ခုသော လေသာပြတင်းတွင် မားမတ် ခန့်ညားစွာ ရပ်တန့်လျက် ညအမှောင်ထုကို စူးစိုက်ကြည့်နေ၏။

ပင်ပန်းနွမ်းနယ်လှသဖြင့် အိပ်စက်အနားယူခြင်းမှာ သူ့အတွက် အ ကောင်းဆုံး ဖြစ်သော်လည်း ဘယ်လိုမှ အိပ်မပျော်နိုင်သဖြင့် မျက်စိတစ် ဆုံး မြင်တွေ့နေရသော ညမြင်ကွင်းကိုသာ အဓိပ္ပာယ်မဲ့ စူးစိုက်ကြည့် ငေးနေခြင်း ဖြစ်သည် ။

ခမ်းနားကြီးကျယ်ခြင်းတွေနှင့် ငွေကို စိတ်ကြိုက်ဖြုန်း၍ ကျင်းပ ဆင်ယင်ခဲ့သော စစ်မင်းဟု န်၏ မွေးနေ့ပွဲက အောင်မြင်စွာ ပြီးဆုံးခဲ့ပေ ပြီ။ ကြွရောက် ချီးမြှင့်ကြသော ဂုဏ်သရေရှိ မင်းပရိသတ် များ စွာထဲမှ သူမျှော်လင့် စောင့်စားခဲ့သူကဖြင့် အခုချိန်ထိ ရောက်မလာခဲ့။

မည်သည့် သတင်းစကားကိုမျှလည်း မကြားရ။ လူကိုယ်တိုင် ရောက်မလာနိုင်ခဲ့လျှင်တောင်မှ သတင်းစကား တစ်ခုခုတော့ ကြားသင့် သည် ။ အခုတော့ ထိုသို့မဟုတ်။ စစ်မင်းဟု န် ဆိုသည့် လူတစ်ယောက် ဤကမ္ဘာလောကကြီးတွင် သက်ရှိထင်ရှား ရှိနေသည် ကိုပင် သတိရပုံမ ရ။

အသိအမှတ်ပြုပုံလည်း မပေါ်။ ဒါကြောင့်လည်း ဤမျှ ဥပေက္ခာဆန် စွာ နေနိုင်ခြင်းဟု ဆိုလျှင်လည်း မှားမည်မထင်။

သူကသာ..

စစ်မင်းဟု န် ဆိုသည့် သူကိုယ်တိုင်ကသာ အရာရာတိုင်းမှာ တစ် လေးတစ်နက် ခံစားနေရခြင်း အဖြစ်ကို တခြားတစ်ပါးသူကြားလျှင်

လှောင်ပြောင် ရယ်မောလေမည်လား။

တိတ်ဆိတ်သော ဝန်းကျင်မှာ ပင်လယ်လှိုင်းပုတ်သံကို သဲ့သဲ့မျှ ကြားနေရ၏။

ထိုထက်ပိုသော အသံဗလံ ဘာတစ်ခုမှ မရှိ။ အထီးကျန်ဆန်သော မျှော်လင့်ခြင်းနှင့် လွမ်းမောဆွတ်ပျံ့ဖွယ် အကြောင်းအရာတွေသည် သာစစ်မင်းဟု န် ဝန်းကျင်မှာ ရစ်ဝဲလှည့်လည် နေသည် ။

သတိရခြင်းတွေ၊ မြတ်နိုးခြင်းတွေနှင့် အစဉ်အောက်မေ့ တမ်းတနေရသော နေ့ရက်များ စွာမှ ဒီတစ်နေ့တော့ စိတ်ကိုလျှော့လျက် သူလိုချင်တောင်းတခဲ့သော ဆန္ဒကို ဟိုအရင် အရင်ချိန်တွေ တုန်းကလိုပဲ ဘယ်သူမှ မမြင်မတွေ့ရအောင် လျှို့ဝှက်တိတ်ဆိတ်စွာ ချုပ်တည်း မျိုသိပ်ခြင်းတွေနှင့် ဘာမှ မဖြစ်သလို နေပြရဦးမည်ထင်သည် ။

ကျယ်လောင်သော ပင့်သက်ရှိုက်သံကသာလျှင် သူ့ဝန်းကျင်မှာ ဝမ်းနည်းကြေကွဲဖွယ် အဆုံးသတ်စေတော့မည်ဟု တွေးရင်း နှုတ်ခမ်းအစုံကို တင်းတင်းစေ့လိုက်မိသည် ။

ထို့နောက် လက်တွင် ဆုပ်ကိုင်ထားဆဲဖြစ်သော ဖန်ခွက်ထဲမှ လက်ကျန်အရက်ကို တစ်ရှိန်ထိုး မော့သောက်လိုက်ပြီး လက်ထဲက အရက်ခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် တွေဝေငြိမ်သက် နေစဉ်မှာ ပင်.

.

"စစ်"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော အသံပိုင်ရှင်ကို နောက်လှည့်ကြည့်စရာမလိုဘဲ ဘယ်သူဘယ်ဝါဆိုတာ သိလိုက်ရသဖြင့် သူ ရင်မောသွားသည် ။

"မအိပ်သေးဘူးလား စစ်ရယ်၊ ဘယ်အချိန်တောင် ရှိနေပြီလဲ၊ ဒီနေ့ စစ် သိပ်ပင်ပန်းခဲ့တာ အနားယူသင့်ပြီကွယ်"

ညင်သာတိုးတိတ်သော အသံမှာ စိုးရိမ်ခြင်းတွေ၊ စာနာ ထောက်ထားခြင်းတွေ၊ သနား ကရုဏာတွေ ကြင်နာယုယ ချစ်ခင်လိုခြင်းတွေ ပေါင်းစပ်ဖွဲ့စည်းခြင်းကို စစ်မင်းဟု န်ကိုယ်တိုင် ခံစား နားလည်နေတာမို့ ကျောခိုင်းအနေအထားမှာ ပင် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း နောက်ပါးဆီမှ အသံပိုင်ရှင်ရှိရာသို့ ခပ်ဖြည်းဖြည်း လှည့်ကြည့် မျက်နှာချင်းဆိုင် လိုက်သည် ။

စစ်မင်းဟု န်၏ တည်ကြည်ခန့်ညားသော မျက်နှာချောချောကို နူးညံ့သိမ်မွေ့သော အကြည့်ဖြင့် ကြင်နာစာနာစွာဖြင့် ကြည့်ငေးနေရှာသော အသက်လေးဆယ်ကျော်အရွယ် မဟာဆန်ဆန် လှပကျက်သရေရှိသော အမျိုးသမီးတစ်ယောက်နှင့် မျက်လုံးချင်း ဆုံမိလျှင် စစ်မင်းဟု န်မှ နွေးထွေးလှိုက်လှဲခြင်းတွေနှင့် နှစ်သိမ့်အားပေးသူ တစ်ယောက်လို အသာအယာ ပြုံးပြလိုက်မိသည် ။

"မမရော ဘာလို့ အခုချိန်ထိ အိပ်ရာထဲမှာ ရှိမနေရတာလည်း ဗျာ၊ ရာသီဥတုက သိပ်အေးတာ မမ ကျန်းမာရေးကလည်း ကောင်းတာမဟုတ်ဘဲနဲ့ ၊ အိပ်ရာထဲမှာ ပဲ နွေးနွေးထွေးထွေး နေပါဗျာ"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ ၊ ဒီနေရာလေးမှာ ခဏနေပြီးရင် ကျွန်တော်လည်း အိပ်ရာဝင်တော့မှာ ပါ"

"စစ်"

"ဗျာ"

"မမ ရင်ထဲ တကယ်မကောင်းဘူးကွယ်၊ ဆောင်း သိပ်မိုက်တယ်၊

နည်းနည်းမှ မလိမ္မာဘူး၊ သူ့ကြောင့် တခြားသူတွေရင်ထဲ ဘယ်လိုခံစားရမယ် ဆိုတာလည်း လုံးဝထည့်မတွက်ဘူး၊ မမတော့ သူ့ကို ကောင်းကောင်း ကြီး ဆုံးမအပြစ်ပေးလိုက်ချင်ပြီကွယ်"

အစ်ကိုဖြစ်သူ ကွယ်လွန်သွားပြီးနောက် သူနှင့်အတူ ကျန်ရစ်ခဲ့သော မရီးဖြစ်သူ၏ လှပ တည်ငြိမ်သော မျက်နှာတွင် စိတ်အလိုမကျခြင်းကြောင့် ဖြစ်ပေါ်လာရသော ကရုဏာဒေါသကိုပါ မြင်တွေ့လိုက်ရတာမို့ မရီးဖြစ်သူနားကို စစ်မင်းဟု န် ညင်သာစွာ လျှောက်သွားလိုက်၏။ သူ့အပေါ်မှာ ကြင်နာသနားနေရာမှ ပန်ဆိုသည့် မိန်းမလှလေးအပေါ် ကျရောက်လာရတော့မည့် ပြစ်တင်ငြူစူခြင်းကို သူအလိုမရှိပါ။

"ပန်လေးကိုချည်း အပြစ်မတင်ပါနဲ့ မမရယ်၊ သူလည်း သန္တာကျွန်းကို ပြန်လာချင်ရှာမှာ ပါဗျာ၊ သူ့မှာ ဘယ်လိုအခက်အခဲတွေ ရှိနေမှန်းမှ မသိတာဘဲ"

"အိုကွယ်.. ဘယ်လောက်ပဲ အခက်အခဲတွေ ရှိစေဦးတော့ ဒီနေ့ဟာ စစ်ရဲ့ မွေးနေ့ပဲ၊ လူကိုယ်တိုင် အရောက်မလာနိုင်ခဲ့ရင်တောင်မှ တစ်ခုခုတော့ အကြောင်းကြား အသိပေးရမှာ က ပန်ရဲ့ တာဝန်ပဲ၊ အိမ်မှာ ရှိနေတဲ့ မိသားစုတွေအားလုံး ပန်အလာကို စောင့်မျှော်နေမှာ ပဲ ဆိုတာလောက်တော့ သူ သိကိုသိရမယ်"

"မမတော့ ဒီကလေးမလေးကို ခွင့်ကိုမလွှတ်ချင်တော့ဘူး စစ်ရယ်"

"ဒီတစ်ခါတော့ ပန်လေးကို နားလည်ခွင့်လွှတ်ပေးလိုက် မမရယ်၊ သူလည်း ကလေးဆိုတော့"

"ဘာကလေးလဲ၊ တက္ကသိုလ်ကျောင်းသူတစ်ယောက်တောင် ဖြစ်နေပြီပဲ ဒါကလေးလား"

"မမ"

စစ်မင်းဟု န်က နန်းခေမာကို စကားမဆက်စေလိုဟန်ဖြင့် ဟန့်တားလိုက်တာကို နန်းခေမာ သိပါသည် ။ ဒါကိုပဲ နန်းခေမာရင်ထဲက ပို၍ စာနာသနားရခြင်း ဆိုသည် ကိုက မောင်ဖြစ်သူ စစ်မင်းဟု န်တစ်ယောက် သိမည်မဟုတ်ပါ။

ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ မြတ်နိုးခြင်းတွေနှင့် ပန်ဆိုသည့် ကလေးမကို ဘယ်အထိအောင် မိုက်မဲစေဦးမည်မသိသော စစ်မင်းဟု န်၏ ချစ်ခြင်းမေတ္တာကိုသာ ရင်မော၊ စိတ်မောလျက် ကြားထဲက အားမလို အားမရနိုင်စွာ စစ်ကို ပြစ်တင်လိုစွာ ကြည့်လိုက်မိသည် ။

"မမတော့ စစ်ကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူးကွယ်၊ ပန်ကို ခွင့်လွှတ်တယ်ဆိုတာကလည်း အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ် စစ်၊ ဒီလိုသာ သူ့အလိုကိုလိုက်နေရင် တစ်နေ့ စစ်ပဲ ဒုက္ခတွေ့ရလိမ့်မယ်ဆိုတာကိုရော စစ်စဉ်းစားမိရဲ့ လားဟင်"

"ပန်လေးဟာ အဲဒီလောက်အထိ မိုက်မဲမယ် မထင်ပါဘူးလေ၊ ပန်ကို ကျွန်တော်ယုံတယ်"

"ယုံတယ် ဟုတ်လား"

နန်းခေမာအသံက တအံ့တသြရှိလှသလို သူ့စကားအပေါ်မှာ မနှစ်သက်နိုင်ခြင်းတွေနှင့် စိတ်ရှုပ်ထွေးသွားသော အမူအရာကိုမြင်လိုက်ရသည် ။

"စစ်ရယ်... မင်း"

မင်း သိပ်မိုက်ပါလားဆိုသည့် စကားကို နန်းခေမာရင်ထဲမှာ ပဲ ဆိုမြည်လိုက်ပါသည် ။ ခေတ်ပညာတတ်တစ်ယောက်၊ အောင်မြင်သော

စီးပွားရေးလုပ်ငန်းရှင်လည်း ဖြစ်တဲ့ စစ်ရဲ့ ဦးနှောက်နဲ့ အသိတရားတွေမှာ ဘယ်လိုတိမ်သလ္လာတွေများ မိုက်မိုက်မဲမဲ ပိတ်ဖုံးနေပါလိမ့်မလည်းကွယ်။

"အေးလေ အခုချိန်မှာ စစ် စိတ်ညစ်စေမယ့် စကားမျိုး မမ မပြောချင်ဘူးကွယ်၊ ညဥ့်နက်အောင်မနေဘဲ စောစောအိပ်ရာဝင်ဖို့ ပဲ မမ ပြောချင်တယ်"

"စိတ်ချပါဗျာ ဂွတ်နိုက် မမ"

"ဂွတ်နိုက်"

အပြုံးနှင့် သူတို့ နှစ်ယောက် လမ်းခွဲရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင်၊ ဟိုအဝေးတစ်နေရာမှ မော်တော်ဘုတ်သံက ရေပြင်လှိုင်းပုတ်သံသဲ့သဲ့ကြားမှ သီးခြားပေါ်ထွက်၍ လာပါသည် ။

မျှော်လင့်ခြင်း ကင်းမဲ့စပြုနေပြီဖြစ်သော စစ်မင်းဟု န်၏ မျက်ဝန်းအစုံမှာ ဖျတ်ခနဲ လင်းလက်တောက်ပသွားတာကို နန်းခေမာ မြင်တွေ့လိုက်သည် ။

"စင်ရော်ပြန် လာပြီပဲ"

စစ်မင်းဟု န်က ပင်လယ်ပြင်အမှောင်ကို လှမ်းမျှော်ကြည့်ရင်း အားတက်သရော ဆိုလိုက်ပေမယ့် နန်းခေမာကတော့ စစ်မင်းဟု န်ကို တစ်ချက်မျှကြည့်ကာ ရင်ထဲက ပြောချင်သည့် စကားများကို ချုပ်တည်းမျိုသိပ်လိုက်ပြီး နေရာက လေးပင်သော ခြေလှမ်းများ ဖြင့် ကျောခိုင်း ထွက်ခွာခဲ့လိုက်ပါသည် ။

စစ်မင်းဟု န်ကဖြင့် နန်းခေမာ သူ့အနားက တိတ်တဆိတ်ကျောခိုင်းထွက်ခွာသွားသည့် အဖြစ်ကိုပင် ဂရုမစိုက်နိုင်။

ပန်ဆိုသည့် ချစ်ရသူလေးကို သွားရောက်ကြိုဆိုသည့် စင်ရော်ဟု အမည်ရသည့် မော်တော်လာရာလမ်းကိုသာ မျှော်လင့်တကြီးစောင့်စားရင်း သူ့ရင်မှာ နူးညံ့ညင်သာသော လှိုက်လှဲမှုတစ်ရပ်ကို ခံစားနေရပါသည် ။

လမ်းခရီးမှာ ကြုံတွေ့ရတတ်သော အခက်အခဲတစ်ခုခုကြောင့် ဤမျှအချိန်နောက်ကျပြီးမှ ရောက်လာသည် ထင်ရဲ့ ဟု တွေးရင်း ပြစ်တင်စောမိသလိုဖြစ်ခဲ့ရသော သူ့ကိုယ်သူ နောင်တရချင်လာ၏။

ကိုယ့်ကိုခွင့်လွှတ်ပါ ပန်လေးရယ် ပန်လေးနဲ့ ပတ်သက်တဲ့ အရာရာတိုင်းဟာ ကိုယ့်အတွက် အလေးအနက် တန်ဖိုးကြီးစွာ မြတ်မြတ်နိုးနိုး သိမ်းဆည်းရမယ့် ရတနာတွေချည်းပဲဆိုတာ ပန်လေးသိရင် ပြစ်တင်စောမိတဲ့ ကိုယ့်ကို ပန်လေးခွင့်လွှတ်ပါကွယ်။

မြင်ကွင်းထဲရောက်လာသော မော်တော်မှာ စင်ရော်ဟု သေချာသည်နှင့် စစ်မင်းဟု န်တစ်ယောက် ခြေလှမ်းကျဲကြီးများ ဖြင့် အိမ်ကြီး၏ အပြင်ဘက်ကို မပြေးရုံတစ်မယ် လှမ်းလျှောက်ခဲ့ပြီးနောက် စင်ရော်ကို လှမ်းမြင်နေရသည့် ကျောက်ဆောင်အငူပေါ်တွင် ခြေအစုံကို မားမတ်ခန့်ညားစွာ ရပ်တန့်လျက် စူးစိုက်ကြည့်နေ၏။

မော်တော်သည် ဝေးရာမှ တဖြည်းဖြည်းနီးလာ၏။ ထို့နောက် ပီပြင်သဲကွဲစွာ တွေ့မြင်လာနိုင်သည် အထိ ဖြစ်လာသောအခါ အဖြူရောင်လည်စည်းပဝါကို ကျော့ရှင်းလှပသည့် ဖြူနုသော လည်တိုင်တွင် ဖွဖွမျှချည်နှောင်ရစ်ပတ်လျက်၊ ကျောလယ်ခန့်ရှိသော နက်မှောင်ဆံကေသာတိုလေးဖြင့် အတူလွင့်မျှောနေဟန်ကို ဂရုမစိုက်ဘဲ သန္တာစံအိမ်ကြီးရှိရာသို့ တိတ်ဆိတ်စွာ မျှော်ငေးလိုက်ပါလာသူလေး၏ လှပသော မျက်နှာလေးကို မီးရောက်အောက်မှာ မြတ်နိုးဖွယ်ရာ မြင်တွေ့လိုက်ရ၏။ စစ်

မင်းဟု န်၏ နှလုံးအိမ်ကို ပြင်းထန်သော ကြည်နူးခြင်းပီတိလှိုင်းက ခပ်ကြမ်းကြမ်းလေး ရိုက်ခတ်သွားလျက် ဂုဏ်ပြုသြဘာပေးလိုက်သကဲ့သို့ ဖြစ်သည် ။

စင်ရောင်သည် ဒီရေကြောင့် မြင့်တက်လာသော ရေနှင့်အတူ စစ်မင်းဟု န်ရှိနေသည့် ကျောက်ဆောင်အငူတည့်တည့်ရှိ ညီညာပြန့်ဖြူးသော ပြင်ညီကျယ် ကျောက်ဖျာချပ်ကြီး ရှိရာသို့ တိုးကပ်ရပ်နားလိုက်၏ ။

ဤနေရာက ရေတိုက်စားသဖြင့် သဘာဝအတိုင်း ဖြစ်ပေါ်နေသော နေရာတစ်ခုဖြစ်ပြီး ရေကျချိန်တွင် မူ အတော်လေး နက်ကျယ်သော ကမ္ဘာစွန်းတစ်ခုဆိုလည်း မမှားချေ။

ဦးယက္ခသည် မော်တော်မှ ကြိုးကို စစ်မင်းဟု န်ရှိရာသို့ ပစ်ပေးလိုက်ရာ ကျွမ်းကျင်ပိုင်နိုင်စွာပင် ဖမ်းယူပြီး သံတိုင်၌ တင်းကျပ်ချည်နှောင်လိုက်၏။

"ဖြည်းဖြည်းဆင်းနော် ကလေး"

ဦးယက္ခသည် လှိုင်းလေအရှိန်ဖြင့် တစ်လွန့်လွန့်ဖြစ်နေသော မော်တော်မှ သူမကိုယ်သူမ လဲပြိုမသွားအောင် ကြိုးစားနေသော ပန်ကို သတိပေးစကား ပြောကြားလိုက်ခြင်းဖြစ်သည် ။

အေးစက်စူးရှသော လေပြင်းများက တစ်လမ်းလုံးခပ်ကြမ်းကြမ်း တိုက်ခတ်လျက် လူကိုဒုက္ခပေးခဲ့သလို လှိုင်းထန်နေသော ပင်လယ်ရေပြင်ကျယ်ကြီးကလည်း ပန်၏ နုနယ်သောစိတ်နှလုံးကို ကြီးမားသော တုန်လှုပ်ချောက်ချားမှုတွေနှင့် ကြောက်ရွံ့စေခဲ့ပါသဖြင့် လှပသော ပန်၏ မျက်နှာဖြူဖျော့လျက် မျက်စိမျက်နှာပျက်စွာ ထိန်းသိမ်း၍ ပင်မရပါချေ။

"ကိုယ့်လက်ကိုတွဲ ပန်"

အခုပဲ ငိုချလိုက်မိတော့မယောင် ခပ်မဲ့မဲ့လေးဖြစ်နေသော ပန်က သူမ၏ အမည်ကို ခေါ်သံနှင့်အတူ သူမရှိရာသို့ လက်အစုံကို ဆန့်တန်းကမ်းပေးလာသူအား ဖျတ်ခနဲ မော့ကြည့်လိုက်၏။

"ဦးစစ်မင်းဟု န်"

ပန်ရင်ထဲက ထိုအမည်ကို တိတ်ဆိတ်စွာ ဆိုမြည်လိုက်ခြင်းဖြစ်သည် ။ ရှည်လျားမြင့်မိုးသောအရပ်၊ ယောကျ်ားပီသစွာ တည်ကြည်ခန့်ညား ချောမောသော ရုပ်သွင့်နှင့် ဒီလူကြီးကို ပန် ကြည့်မရအောင်မုန်းလှပါသည် ။

သန္တာကျွန်းကသူဌေး စစ်မင်းဟု န်ဆိုလျှင် အနီးပတ်ဝန်းကျင်ကလူတွေ မသိသူ မရှိလောက်အောင် နာမည်ဂုဏ်သတင်း ကျော်ကြားသူအဖြစ် လူအများက စိတ်ဝင်တစား အထင်တကြီးဖြင့် တစ်နည်းနည်းနှင့်နိုင်ကြဖို့ ကြိုးစားနေသည့်အချိန်မှာ ပန်ဆိုသည့် သူမကတော့ စစ်မင်းဟု န်ဆိုသည့် ဒီလူကြီးကိုရော သန္တာကျွန်းဆီက ရဲတိုက်ကြီးနှင့် အလားသဏ္ဌာန်တူလှသော ဤစံအိမ်ကြီးကို သော်လည်းကောင်း၊ စံအိမ်ကြီးထဲရှိ အန်တီ ဒေါ်ခန်းခေမာအပါအဝင် တခြားလူတွေအားလုံးနှင့်သော်လည်းကောင်း ဘာတစ်ခုမှ မပတ်သက်ချင်သူဖြစ်သည် ။ ဘွားရှိနေလို့ သာ…

ပန်ရဲ့ ဘွားကြောင့်သာ ဤနေရာ ဤဌာနသို့ မဖြစ်မနေ ပြန်လည်ရောက်ရှိလာခဲ့ရသူ ဖြစ်ကြောင်း သူမသာလျှင် အသိဆုံးဖြစ်သည် ။

ဘွားကြောင့် ဘွားကို သိပ်ချစ်လွန်း၍ သာ ဤခရီးကြမ်းနှင့် သူမ အင်မတန်မုန်းသော နေရာတစ်ခုကို မဖြစ်မနေ ဖွတ်နစ်၍ ပြန်လာခဲ့ရသည့်ခရီးက ဘာတစ်ခုမှ စိတ်ချမ်းမြေ့စရာမရှိ။

လမ်းခရီးတစ်လျှောက်လုံး သူမ ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် ခရီးလမ်းကဖြင့် သည်းထိတ်ရင်ဖို စိတ်ညစ်ညူးဖွယ်ရာအတိ လွှမ်းခြုံလျက်ရှိနေခြင်းကိုသာ သူမဘဝမှာ စိတ်အပျက်ဆုံးဖြစ်သည် ။

" လာလေ ပန်၊ ကိုယ့်လက်ကိုတွဲလိုက်"

စစ်မင်းဟု န်ထံမှ ဒုတိယအကြိမ်မြောက် တိုက်တွန်းနှိုးဆော်သံဖြစ်သည့်တိုင် ပန်က မလှုပ်။ လှိုင်းနှင့်လေကြောင့် သူမစိတ်နှလုံးမှာ စိုးထိတ်ရွံ့ကြောက်လှသော်လည်း သူမ လက်ကလေးတစ်ဖက်ကို သူမမုန်းသော စစ်မင်းဟု န်ဆိုသည့် လူကြီး၏ လက်ထဲကို အလွယ်တကူ သာယာကြည့်ဖြူစွာ ထည့်ပေးလိုခြင်းမရှိ။

နေရာမှာ ပေကပ်လျက် တွေဝေစွာရပ်တန့်နေပုံက ဂျစ်ကန်ကန်နိုင်လှပေမယ့် ဘာဖြစ်လို့ မှန်းမသိ။ သူမမုန်းသောလူရှေ့မှာ ဘာကိုမှ အလွယ်တကူ လက်လျှော့အရှုံးမပေးလိုချေ။

"ကလေးသိပ်ကြောက်လာတယ် မောင်စစ်၊ လူလေးကိုယ်တိုင် ကလေးကို စက်လှေပေါ်က အတူတူတွဲချပေးလိုက်ပါ"

ဦးယက္ခစကားအဆုံးမှာ အင်မတန် လျင်မြန်ပေါ့ပါးသောအသွင်ဖြင့် ပန်ရှိရာသို့ ရေသတ္တဝါတစ်ကောင်လို ကျွမ်းကျင်ပိုင်နိုင်စွာ ရောက်လာသူကို သူမ တားဆီးရန် အချိန်မရလိုက်ပါ။

သပ်ရပ်သားနားသော အနောက်တိုင်းဝတ်စုံနှင့် အပေါ်မှာ လောင်းကုတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည့် စစ်မင်းဟု န်၏ အသွင်က မြင်းမားထွားကြိုင်းသော ကိုယ်နေဟန်ထားကြောင့် နိုင်ငံခြားဇာတ်ကားတွေ ထဲ မှာ ပန် မြင်တွေ့ဖူးသည့် ဇာတ်လိုက်တစ်ယောက်နှယ် ကြည့်ကောင်းလှတာကို ငေးခနဲ ကြည့်နေမိပြီးမှ သူ့ကြောင့် ပန် အခုလို ဒုက္ခရောက်ရတာပါလားဟု ပြန်သတိရသွားကာ မုန်းမုန်းနှင့် အကြည့်ကို လွှဲ

ပစ်လိုက်သည် ။

"ဆောရီး ပန် သိပ်ကြောက်လာလိမ့်မယ်ဆိုတာ ကိုယ်မတွေးလိုက်မိဘူး"

လှပနုထွေးသော ချစ်ရသူ၏ ငိုမဲ့မဲ့မျက်နှာလေးကို မြတ်နိုးကြင်နာစွာ ငုံ့ကြည့်ရင်း လှိုက်လှဲသောရင်ဖြင့် ဆိုလိုက်သော်လည်း ပန်ဆိုသည့် ချစ်သူလှလှလေးက အရေးတယူ စကားတုံ့ပြန်ဆိုခြင်းမပြု။

သူမဘာသာ စင်ရော်ပေါ်မှ ဆင်းသက်ရန် စတင်ကြိုးပမ်းနေပါသဖြင့် စစ်မင်းဟု န် ရင်မောရပြန်ပါသည် ။

"ပန်"

စစ်မင်းဟု န် သူမအမည်လေးကို ခေါ်ပါသော်လည်း သူမက လှည့်မကြည့်။ စစ်မင်းဟု န်ဆိုသည့် လူတစ်ယောက် သူမအပါးမှာ မားမတ်စွာရှိနေသည် ရယ်လို့ လည်း သဘောထားပုံမရ။ အရေးမစိုက်သလိုမျက်နှာထားလေးနဲ့ သူလိုလူတစ်ယောက်ကိုအာခံဖို့ ၊ ဂျစ်တိုက်ဖို့ ကြိုးစားနေသည့် ကလေးမကို စစ်မင်းဟု န်ရင်မှာ မြတ်နိုးအသည်းယားလှပေမယ့် ဘယ်လိုဘယ်ပုံ အပြစ်ပေးဒဏ်ခတ်ရမှန်းမသိ။

ချစ်ခြင်း မြတ်နိုးရခြင်းတွေနှင့်သာ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက် ချစ်ခြင်း မြတ်နိုးစိတ်တို့ သာ မပြတ်ဖြစ်ထွန်းပြည့်သိပ်လို့ နေရသည့်အဖြစ်ပါ။

"ကိုယ်နဲ့ အတူ ဆင်းမှ ပေါ့ ပန်"

"မလိုပါဘူး"

"ပန်ဘာသာ သွားနိုင်တယ်"

သူမအနားသို့ မားခနဲ ရောက်လာသူကို မော့မကြည့်ဘဲ ပန် ဆိုလိုက်၏။ နှုတ်ကသာ တစ်ခွန်းမခံ ပြန်ပြောနေမိသော်လည်း လူကိုယ်တိုင်က မူ လေပြင်းနှင့် လှိုင်းအပုတ်မှာ လွန့်လူးနေသော စင်ရော် မော်တော်ဘုတ်ပေါ်တွင် သူမခန္ဓာကိုယ်လေးကို ဆန့်ဆန့်ရန့်ရန့်မျှပင် ကြာရှည်မရပ်ရဲ။

အ နီး အ နား မှာ ကုန်းကုန်းကွကွနှင့်ပင် လက်လှမ်းမှီသမျှ ဟိုဒီ ဆွဲကိုင်ရမလို ဖြစ်နေပုံက ရယ်စရာလည်းကောင်းသလို စိတ်ပျက်စရာ လည်း ကောင်းနေမည်ထင်သည် ။

လေပြင်းတစ်ချက်မျှ ဝင်တိုးဆောင့်လိုက်လျှင် အခြေမခိုင်လှသော ပ န်မှာ

"အမယ်လေး"

"ပန်"

လူတစ်ကိုယ်လုံး ဟန်ချက်ပျက်ပြီး လဲပြိုတော့မည့်အနေအထားမှာ အနားတွင် မားမားကြီးရပ်နေသူ၏ နွေးထွေးသန်မာသော လက်အစုံမှ အချိန်မီဆွဲယူထိန်းပွေ့လိုက်ပုံကြောင့် ရုပ်ပျက်ဆင်းပျက် လဲပြိုမသွားဘဲ စစ်မင်းဟု န်ဆိုသည့် လူကြီး၏ ရင်ခွင်ထဲ ထွေးခနဲ ရောက်သွားရသည့် အဖြစ်ပါ။

"ဘာမှ မကြောက်နဲ့ ပန်၊ ကိုယ့်လက်ကိုဆွဲပြီး လိုက်ခဲ့ ဟုတ်လား"

ဘာမှ မကြောက်နဲ့ တဲ့ ။

စစ်မင်းဟု န်ဆိုသည့် လူကြီးစကားကြောင့် သူ့ရင်ခွင်ထဲကနေ ဆတ် ခနဲ သူ့မျက်နှာကို မော့ကြည့်ပစ်လိုက်သည် ။

ဒီလှိုင်းနဲ့ ဒီလေကို မကြောက်မရွံ့ မတုန်မလှုပ် ချောက်ချားတဲ့ မိန်းမ

သားရယ်လို့ များ ရှိဦးမှာ လား။ အထူးသဖြင့် ပန်လို နုနုနယ်နယ် မိန်းမ သားတစ်ယောက်အတွက် ပိုဆိုးသည် ။

ဟောဒီ ပင်လယ်ရေလှိုင်းနှင့် လေထန်ထန်ကို သေမလောက် ကြောက်ရွံ့ရှာပေလိမ့်မည်ရယ်လို့ သာ ကိုယ်ချင်းစာနာတရားသာ ဒီလူကြီးမှ ရှိနေမည်ဆိုလျှင် သူမကို ဒီလိုနေ့ရက် ဒီလိုအချိန်မျိုးမှာ သန္တာကျွန်းကို ရောက်ရမည်ရယ်လို့ ရက်ရက်စက်စက် အမိန့်ပေး ခေါ်ယူရက်မည်မထင်။

ပန် အင်မတန်ကြောက်သည့် ရေလမ်းခရီးနှင့် လှိုင်းလေတွေကြားမှာ အဘယ်မျှ တုန်လှုပ် ချောက်ချားခဲ့ရသည် ကိုက စာဖွဲ့မနေချင်တော့သဖြင့် စစ်မင်းဟု န်ရင်ခွင်ထဲ ရောက်နေသော သူမကိုယ်လေးကို စိတ်ဆိုးဒေါသဖြင့် တစ်အားဆောင့်ယူ ရုန်းထွက်လိုက်၏။

"ဖယ်စမ်းပါရှင် အခုမှ လူကိုအပိုစကားတွေ လျှောက်ပြောမနေပါနဲ့ ၊ ဦးလေးယက္ခ ဆောင်းကို လာခေါ်ပါ"

"ပန် "

"ဦးလေးယက္ခ"

" လာပြီ ကလေး လာပြီ"

လှိုင်းကြားလေထန်ထဲမှာ အော်ဟစ်ပေါက်ကွဲနေသော ပန်ဆိုသည့် ကလေးမက စစ်မင်းဟု န်ကို စိမ်းကားမုန်းတီးသော အကြည့်များ ဖြင့် နာနာကြည်းကြည်း ဆိုလိုက်သလို ရက်ရက်စက်စက်လည်း ဥပေက္ခာပြုနိုင်သူ ဖြစ်သည့်အတိုင်း စစ်မင်းဟု န်ဆိုသည့် လူတစ်ယောက်၏ ရင်ထဲကခံစားချက်တွေကို ဘာတစ်ခုမှ ထည့်တွက်ပုံမရဘဲ ဦးယက္ခ တွဲခေါ်ရာသို့ အလွယ်တကူ ကြည်ဖြူချောမောစွာ လိုက်ပါသွားခဲ့လေပြီ။

ဦးယက္ခက သူ့နားက မထွက်ခင် စစ်မင်းဟု န်၏ မျက်နှာကို စာနာစွာ တစ်ချက်မျှ ကြည့်သွားတာကို သူ မမြင်သလိုနေလိုက်၏။

ကမ်းပေါ်ကို ချောမောစွာ ရောက်ရှိသွားသူကို ငေးခနဲ တစ်ချက်မျှကြည့်ပြီး သူ့ခြေရင်းနားတွင် ဝပ်ဆင်းငြိမ်သက်စွာ ရှိနေဆဲဖြစ်သော ပန်၏ အဝတ်သေတ္တာနှင့်အိတ်ကို ဆွဲယူလိုက်သည် ။

"နေ နေ မောင်စစ် အဲဒါတွေ ဦးယက္ခယူခဲ့မယ်"

"ပန်ကို အိမ်အထိလိုက်ပို့ပါ ဦးယက္ခ၊ အဲဒီအိတ်တွေ သူ့ဘာသာသူ ယူလာပါစေပေ့ါ"

"လာပါ"

ပန်က သူ့ကို ဂရုမစိုက်သလို ဦးယက္ခကိုသာ သူမနှင့်အတူ အပါခေါ်နေ၏။

"သူ့ကိုသာ လိုက်ပို့ပေးလိုက်ပါ ဦးယက္ခ"

"ဟင်း"

ကျယ်လောင်သော သက်ပြင်းချသံက ဦးယက္ခထံမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည် ။

ကြင်နာမြတ်နိုးသော ချစ်ခြင်းဖြင့် ထုံမွှန်းထားသော မေတ္တာတရားတို့ ကို အမုန်းပစ္စလက်ကာကွယ်ထားသဖြင့် တစ်ဦးရင်ကို တစ်ဦး မမြင်တွေ့နိုင်ခြင်းသည် ပင်လျှင် ချစ်သူ့ကျိန်စာ ဖြစ်မည်ထင်။

အဖြူရောင်အရိပ်လေးက စစ်မင်းဟု န်ကို ကျောခိုင်းလျက် အမှောင်ထုထဲ တိုးဝင်ကွယ်ပျောက်သွားရာ လက်ထဲက အဝတ်သေတ္တာကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း လေးလံသောခြေလှမ်းများကို စတင်

ရွှေ့လျားလိုက်သည့်တိုင် သူ့ရင်မှာ ကြင်နာကြည်နူး ကျေနပ်ခြင်းနဲ့ ပြည့်သိပ်လျက်ရှိ၏။

***

# အခန်း (၂)

"ပန်"

"ဘွား"

ပန်သည် စစ်မင်းဟု န်ဆိုသည့် လူကြီးရှေ့မှာ ရင်ထဲကကြောက်စိတ်နှင့် ထိတ်လန့်ချောက်ချားရခြင်းအပေါ်မှာ ဘာကိုမှ အရေးမစိုက်ဟန် အပြည့်ဖြင့် နေပြခဲ့သော်လည်း အိမ်ကြီးထဲကို လှမ်းဝင်လိုက်သည် နှင့် ဧည့်ခံဆောင်ခန်းမအလယ်မှာ သူမအလာကို အခုချိန်ထိ အိပ်စက်ခြင်းမပြုဘဲ စောင့်မျှော်ကြိုလင့်နေရှာသော ဘွားကို တွေ့မြင်လိုက်ရသည် နှင့် ရင်မှာ စို့လှိုက်ကာ ဘွားရင်ခွင်ထဲ ကလေးငယ်တစ်ယောက်ပမာ ပြေးဝင် ရှိုက်ငိုချလိုက်မိတော့သည်။

ဝမ်းပန်းတနည်း

ကြေကြေကွဲကွဲ ပန်၏ ငိုရှိုက်သံနှင့် သိမ့်သိမ့်တုန်ခါသော သူမနောက်ကျောပြင်လေးကို အကြောဖြိုင်းဖြိုင်းထနေသည့် လက်ပိန်ပိန်လေးအစုံဖြင့် တင်းကြပ်စွာ ပွေ့ဖက်ထားသော ဘွား၏ သီဝေနေသော မျက်ဝန်းမှုံမှိုင်းမှိုင်းများမှာ သနားကရုဏာအပြည့် လွှမ်းမိုးလျက် တယုထယရှိလှပါသည်။

"အီး ဟီး ဟီး ဘွား"

"မငိုပါနဲ့ ကလေးရယ်  အခု ပန့်ရှေ့မှာ ဘွားရှိနေပြီပဲကွယ်၊ တိတ်ပါကွယ်၊ တိတ် တိတ်"

ကလေးငယ်တစ်ယောက်လို အီးခနဲ အသံထွက်ငိုယိုနေသော ပန်၏ကျောပြင်လေးကို ပွတ်သပ်ချော့မော့နေသော အဘွားကို ကြည့်နေသူတစ်ယောက် ရှိသည် ကိုက မည်သူမျှ သတိမထားမိကြပါ။

"ကြည့်ပါဦးကွယ် လက်ကလေးတွေကို အေးစက်လို့ ပါလား"

"လှိုင်းတွေရော လေတွေရော ဒီလောက်တိုက်နေတာကိုး ဘွားရဲ့ "

နှုတ်ခမ်းစူလျက် တအစ်အစ်ရှိုက်လျက် ပြောမိ၏။

"လမ်းမှာ ပန် သိပ်ကြောက်ခဲ့တာမဟုတ်လား"

"ဟုတ်"

ရှိုက်သံတစ်ဝက်တစ်ပျက်နှင့် ဘွားရင်ခွင်ထဲ တိုးဝင်ငိုနေရာမှ ပုတ်သင်ညိုမလေးလို ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်သည် ။

ဒါကြောင့် ဘွားကို ဒီအိမ်ကြီးမှာ မနေပါနဲ့ လို့ ပြောလိုက်ချင်ပေမယ့် ဒီအိမ်ကြီးကို ဘွားတစ်သက် ဘယ်တော့မှ ခွဲခွာမှာ မဟုတ်မှန်း သိနေတော့ စိတ်ထဲရှိသမျှ ဘာတစ်ခုမှ ပြောမထွက်ရဲ။

"တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီကွယ်၊ ကြည့်ပါဦး ငိုနေလိုက်တာ တကယ့်ကလေးပေါက်စလေး ကြနေတာပဲ"

"ပြောတော့ဖြင့် ပန်လေးပဲ လူကြီးဖြစ်နေပြီဆို ဒီလောက်အခက်အခဲလေးကို ငိုစရာလား"

"ကြောက်တာကိုးလို့  လမ်းမှာ တစ်ခုခုဖြစ်ရင်  ဘယ်နှယ့်လုပ်မလဲ၊ ကံကောင်းလို့ ဘွားရှေ့ရောက်လာတာကို ဘွားကဖြင့် မသိဘဲနဲ့ "

"ဦးယက္ခက ဒီခရီးလမ်းကို သိပ်ပြီးပိုင်နိုင်ကျွမ်းကျင်တဲ့ သူပါ၊ ပန် အသက်အန္တရာယ် ဖြစ်လောက်တဲ့ အခြေအနေမျိုးဆိုရင် ပန်ကို ဒီအထိခေါ်လာမယ့်သူ မဟုတ်ပါဘူး"

အောင်မြင်ခန့်ညားသော အသံအဆုံးမှာ သူမတို့ နှစ်ယောက်နားကို မားခနဲ ရောက်လာသူက ဦးစစ်မင်းဟန်ဆိုသည့် လူ။ မျက်ရည်တွေ ပေလူးနေသည့် ပန်ကို မပြုံးမရယ် ငုံ့ကြည့်လာသော မျက်ဝန်းများ နှင့် အဆုံ မှာ ပန်ကိုယ်တိုင် ရည်ရွယ်ခြင်း အလျဉ်းမရှိပါဘဲ မြင်ပြင်းကပ်ကပ် နှင့် မကျေမနပ်ကြီး မျက်စောင်းတစ်ချက် ဒိုင်းခနဲ ထိုးပစ်လိုက်မိ၏။

"သူများ ဘာသာ ပြောနေတာကို ဝင်မပြောပါနဲ့ "

"အို ကိုယ့်အစ်ကိုကြီးကို ဒီလိုမပြောရဘူးလေ ပန်လေးရဲ့ ၊ ချက်ချင်းပြန်တောင်းပန်လိုက်"

ပန်က မလှုပ်။ နှုတ်ခမ်းလေးကို စူထော်လျက် စစ်မင်းဟု န်ကို မကျေနပ်ကြောင်း ဆန္ဒပြနေပုံကို မြတ်နိုးစွာငုံ့ကြည့်ရင်း သူ ပြုံးလိုက်သည် ။

မင်းလေး သိပ်ဆိုးပါလား ကလေးရယ်။

"ပန် ဘွား ပြောနေတယ်လေ၊ လူလေးကို တောင်းပန်လိုက်ဆို"

"ပန်က ဘာမှားလို့ လဲ ဘွားရဲ့ "

"အို ဘာမှားမှား မမှားမှား ကိုယ့်ထက်ကြီးတဲ့ သူတစ်ယောက်ကို ရိုသေလေးစားရမှာ က လိမ္မာယဉ်ကျေးတဲ့ သူတွေရဲ့ အလုပ်ပဲ၊ ဘာဖြစ်လို့ ဘွားရဲ့ ပန်က ဒီလိုပုံစံဖြစ်နေရတာလဲ ကွယ့်၊ ဘွား မကြိုက်ဘူး"

"ကဲ လူလေးကို တောင်းပန်လိုက်"

"ပန်မှာ ဘာအပြစ်မှ မရှိပါဘူး ဘွားရယ်၊ ကျွန်တော်ကသာ အပြစ်ရှိတာပါ၊ ပန်ပြောနေတဲ့ စကားထဲကို ကျွန်တော်က ဝင်ပြောလိုက်မိတာပါဗျာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ လူလေးရယ် ကိုယ့်ထက်ကြီးသူ တစ်ယောက်ကို ဘွားရှေ့မှာ ဒီလိုပြုမူ ပြောဆိုတာ ဘွား မကြိုက်ဘူး"

"ကလေး စိတ်ညစ်နေပေါ့မယ် ဘွားရယ်၊ လမ်းမှာ လည်း အဆင်ပြေခဲ့ပုံမရဘူး၊ ကျွန်တော် သွားအိပ်တော့မယ် ဘွား"

"ဂွတ်နိုက် ပန်"

"ဂွတ်နိုက်"

ပန့်အသံက ဆောင့်ဆောင့်အောင့်အောင့်လေး ထွက်လာခြင်းဖြစ်သည် ။ လူကိုယ်တိုက်ကဖြင့် စစ်မင်းဟု န်ကို တစ်ချက်ပင် မော့မကြည့်သလို နှုတ်ခမ်းကလည်း အစူမပျက်ပါ။

ခြေလှမ်းကျဲကြီးတွေနှင့် ချစ်သူလေးကို ကျောခိုင်းထွက်ခွာလာခဲ့ရပေမယ့် စစ်မင်းဟု န်၏ စိတ်ဝိဉာဉ်ကတော့ ပန်ဆိုသည့် ချစ်သူနားမှာသာ ရစ်ဝဲကျန်ရစ်သည့်အဖြစ်ကို မည်သူ သိနိုင်မည်နည်း။

ဟွန်း  လူကြီးကိုက မုန်းစရာ။

ဘွား ရှေ့ မှာ လာပြီး  သဘောတွေကောင်းပြနေလိုက်တာ။ သူ့ကိုယ်သူ လူလိမ္မာဘွဲ့ယူပြီး ပန်ကြတော့ နေရင်းထိုင်ရင်း လူမိုက်ဖြစ်အောင် လုပ်ပစ်လိုက်တာ ဒီက မသိဘူးထင်နေလား။

"ပန်လေး သိပ်ဆိုးတယ်ကွယ်၊ လူလေးကို ဘာဖြစ်လို့ ရန်သူကြီး တစ်ယောက်လို ဆက်ဆံချင်ရတာလဲ"

"သူက ပန်စိတ်ဆိုးအောင် လုပ်နေတာကိုးလို့ "

"လူလေးက ပန်လေးကို သိပ်ချစ်ရှာတာပါကွယ်၊ ကိုယ့်အစ်ကိုကြီးကို ဘာလို့ ဆိုးချင်ရတာလဲ"

"ဘွားကပါ ပန်ကို အပြစ်တင်နေပြီလား"

ဝမ်းနည်းစိတ်နှင့် ပန် စကားသံတွေက ငိုသံဖြင့် တုန်ရီလာသလို ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီးကျလာတာ မြင်ရတော့ ငယ်ရွယ်နုနယ်သော မြေးမလေးအဖြစ်ကို ကြည့်ပြီး ဘွားကိုယ်တိုင် ဘာမှ ဆက်မပြောနိုင်ဖြစ်သွားသည် ။

"ပန်ကို စိတ်ဆိုးလို့ ဘွားက အပြစ်တင်နေတာမဟုတ်ပါဘူးကွယ်၊ လူလေးကို သနားလို့ ပါ"

"ဘွားက သူ့ကိုတော့ သနားတယ်၊ ပန်ကိုတော့ မသနားဘူးပေါ့ဟုတ်လား၊ အီး ဟီး ဟီး"

"ပန်သိပါတယ်၊ ပန့်ကိုဆို ဘယ်သူကမှ မချစ်ကြပါဘူး၊ အားလုံးက ပန်ကိုပဲ အပြစ်တင်နေကြ မုန်းနေကြတာပါ"

"အီး အဟင့် အဟင့်"

ပြောရင်း ပန် ငိုသည် ။

ဒီတစ်ခါတော့ ပန်၏ ငိုရှိုက်သံက တိုးတိုးကျိတ်ကျိတ် မဟုတ်တော့။ မကျေနပ်စိတ်ကိုပါ ဖွင့်ထုတ်လိုက်ရတာမို့ ကျယ်ကျယ်လောင်လောင် ရှိုက်ကြီးတငင်နဲ့ တကယ့်ကိုဝမ်းပမ်းတနည်း။

"ဘွားလည်း အတူတူပဲ ပန့်ကိုမချစ်တော့ဘူး၊ ဘွားရဲ့ လူလေးကိုပဲ ချစ်တာပါ"

"မဟုတ်တာတွေ မပြောစမ်းနဲ့ ပန်လေးရယ်၊ ဟောဒီကမ္ဘာမှာ ဘွား အချစ်ဆုံးက လူလေးနဲ့ ပန်ပဲရှိတာ ပန်လေးမသိဘူးလားကွယ်"

"ပန်ကို ဘွား သိပ်ချစ်တာပေါ့၊ မငိုနဲ့ တိတ် တိတ် တော်ကြာ လူလေး ကြားသွားလို့ စိတ်မကောင်းဖြစ်နေပါဦးမယ်ကွယ်"

"ဘာလို့ မကောင်းရမှာ လဲ၊ ပန့်ဘာသာ ကိုယ့်မျက်လုံးနဲ့ ကိုယ် ငိုတာ ကို သူကပါ ပန့်ကို အပြစ်တင်လို့ ရမလား၊ ဒီမှာ ပန်က ဝမ်းနည်းနေတာ ဆိုတော့ ဘယ်သူမှ ဂရုမစိုက်ကြဘဲနဲ့ "

ဩော် ပန်လေးရယ်။ စစ်မင်းဟု န်ရင်ထဲက တိုးတိတ်စွာ ဆိုညည်း လိုက်သော ဆိုမြည်သံဖြစ်ပါသည် ။ ပန့်ရှေ့က ထွက်လာခဲ့သည် ဆိုပေမ ယ့် စစ်မင်းဟု န် အဝေးကို ထွက်သွားခြင်းမဟုတ်။

ချစ်သူပန်လေးအသံကို ကြားနိုင်သော နေရာမျှ ရှိနေခြင်းမို့ ချစ်ရ သူ ဆိုးချင်တိုင်း ဆိုးနွဲ့နေသမျှ ငိုယိုရှိုက်ငင် ကြေကွဲနေသံကိုပါ ကြားသိ နေရသမျှ ရင်မှာ မြတ်နိုးခြင်းပီတိတွေနှင့် နှစ်လိုကြည်ဖြူစွာ ပြုံးနေ သော နှုတ်ခမ်းအစုံကို မည်သူမြင်တွေ့နိုင်မည်နည်း။

ကလေးဆန်လှသော စစ်မင်းဟု န်၏ ချစ်ရသူလေး ပြောဆိုငိုယို ဂျီ ကျနေပုံလေးက ချစ်စရာဟု စစ်မင်းဟု န် တွေးနေချိန်မှာ ပန့်ကို ဤမျှ ဆိုးရပါမည်လားဟု ပြစ်တင်ငြိုငြင်နေသူက ဒေါ်နန်းခေမာ။

"ဘာဖြစ်လို့ လူကြီးတွေကို ဒီလောက်စိတ်ညစ်အောင် လုပ်နေရတာ လဲ ပန်"

"ဒေါ်လေး နန်းခေမာ"

"အေး ဟုတ်တယ်၊ ဒေါ်လေးတို့ အားလုံး ပန် အချိန်မီ ရောက်မလာ နိုင်လို့ စိုးရိမ်စိတ်ပူနေကြရတာနဲ့ ဘယ်သူမှ အိပ်မပျော်နိုင်ဘဲ ပန်အလာ

ကို ထိုင်စောင့်နေကြတာကွဲ့၊ စစ်ဆို တစ်ချိန်လုံး ပန်ကို မျှော်နေခဲ့တာ ပန်ရောက်လာတဲ့ အချိန်ထိပဲ"

"ပန့်ရဲ့ ဘွားရော ဒေါ်လေးခေမာရော အားလုံးအတူတူပဲ၊ ဒါကို ပန့်ကို ဘယ်သူမှ မချစ်ဘူး၊ ဂရုမစိုက်ဘူးရယ်လို့ ပြစ်တင်ဆူပူချင်လို့ ဖြစ်မလား ပန်"

ဒေါ်နန်းခေမာက သူမစိတ်ထဲရှိသမျှ စကားများကို ရပ်နားခြင်းမပြုဘဲ တရစပ် သွန်ထုတ် ဖွင့်အန်လိုက်ရာ တအီအီငိုယိုနေသော ပန်မျက်ရည်မှာ လည်း ချက်ချင်းလိုလို သွေ့ခြောက်ရပါသည် ။

ဒေါ်လေး နန်းခေမာကိုတော့ ပန့်စိတ်ထဲမှာ နည်းနည်းရှိန်သလိုဖြစ်မိသဖြင့် ဘာကိုမှ အထွန့်ပြန်မတက်မိ။ တစ်အိမ်ထဲမှာ တစ်သက်လုံး အတူနေလာကြရသည် ဆိုပေမယ့် ဒေါ်လေးနန်းခေမာက ပန်နဲ့ အနေဝေးသူဖြစ်သည် ။

ပန့်အပေါ်မှာ ပြောဆိုဆက်ဆံပုံကြပြန်တော့လည်း တခြားသူတွေနှင့်မတူ။ ပြောစရာ ဆိုစရာရှိလျှင် ပြောဆိုတတ်ပြီး ပေးစရာ ကျွေးစရာရှိလျှင် ပေးကျွေးရုံမှ တစ်ပါး ပန်နှင့် ဒေါ်နန်းခေမာတို့ ကြားက ဆက်ဆံရေးက ဘာတစ်ခုမှ နွေးထွေးခြင်းမရှိ။ အေးစက်လွန်းသည် ဟု လည်း မဆိုသာ။

သာမန်အနေအထားထက် နည်းနည်းမှ မပိုသည် က သေချာသည် ။ ပန်ကိုယ်တိုင် ဒေါ်နန်းခေမာအပေါ်မှာ ချစ်သည် လည်း မဟုတ်။ မချစ်သည် လည်း မဟုတ်။ ဘွားနှင့် ဦးစစ်မင်းဟု န်တို့လို သူမစိတ်ထဲရှိသည့်အတိုင်း ဒေါ်နန်းခေမာအပေါ်မှာ ပြောဆိုဆက်ဆံခြင်း မပြုမိ။

"ပန် သိထားဖို့ က မိသားစုအားလုံး ပန်ကိုချစ်တယ်၊ ဂရုစိုက်တယ်၊ စာနာနားလည်တယ်ဆိုတာပဲ"

"'ဒါပေမဲ့ ပန်တစ်ယောက်တည်း ဘယ်လောက်ကြောက်မလဲဆိုတာ တော့ ပန်ပဲသိတာပါ"

"ကဲ တော်ပြီကွယ်၊ ပန်လည်း ကိုယ့်အိမ်ကိုယ် ချောချောမောမော ပြန်ရောက် လာပြီပဲ၊ ပင်ပန်းလာသမျှ အနားယူတော့ ဟုတ်လား"

"ရေနွေးကန်မှာ ရေနွေးအသင့်ရှိတယ်၊ ပန် ညစာကို ဒေါ်အိန္ဒြာ လာပို့လိမ့်မယ်၊ သွား သွား နားချည်"

"ပန့်ကို ခွင့်ပြုပါ ဒေါ်လေး"

"ကောင်းပြီ"

လေးကန်သော ခြေလှမ်းတွေနဲ့ ဘွားနှင့် ဒေါ်လေးခေမာနားက ထွက်ခဲ့ရပေမယ့် ပန့်ရင်ထဲ တင်းကြပ်မှုတွေနှင့် သိပ်ပြီးတော့ဖြင့် မကျေနပ်လှပါ။ အထူးသဖြင့် ဒေါ်လေးခေမာ၏ အေးစက်သော အမူအရာပေါ်မှာ ပန် ဘဝင်မကျ။

ဒေါ်လေးနန်းခေမာပုံစံက ပန့်အပေါ်မှာ ကျေနပ်သလို၊ မကျေနပ်သလို။ သူ့မောင်နဲ့ ပတ်သက်ရင် ဒေါ်လေးနန်းခေမာက ပန့်အပေါ်မှာ မကြည်သာလှတာကို ပန် သိတာပေ့ါ။

ပန်ကိုယ်တိုင်လည်း ဦးစစ်မင်းဟု န်ဆိုသည့် လူကြီးအပေါ်မှာ ဒေါ်လေးနန်းခေမာ နည်းတူးပါပဲဟု ဆိုလျှင် ဘယ်လိုရှိမည်မသိ။

"ပြောတော့ဖြင့် ပန့်ကို မိသားစုအားလုံးက ချစ်တယ်၊ ဂရုစိုက်တယ်နဲ့ ပန့်ကို တကယ်ချစ်တယ်ဆိုရင် ဘယ်သူက ပန် စိတ်ဆင်းရဲနေတာကို ဒီအတိုင်း ဘာမှ မဖြစ်သလို လက်ပိုက်ကြည့်နေနိုင်မှာ လဲ"

"အခုတော့ သူတို့ အားလုံး ပန့်ကို တကယ်မချစ်ကြလို့ သာ ပန် ဘာ

ကြီးဖြစ်ဖြစ် ဒီအတိုင်း ကြည့်နေတာမဟုတ်လား"

အားလုံးထဲမှာ ဦးစစ်မင်းဟု န်ဆိုတဲ့ လူကြီးက အဆိုးဆုံးဆိုတာ ပန် သိသည် ။ ဒါကြောင့်လည်း သူ့ကို ပန်က နည်းနည်းမှ ကြည့်မရတာဖြစ် သည် ။

"ကျွီး"

အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်တော့ ပန် အံ့ဩမှ င်သက်သွားသည် ။ ပန်းနုရောင် အသုံးအဆောင်တွေနဲ့ လှပနုထွေးစွာ ချစ်စဖွယ်ပြင်ဆင် ထားသည့် အိပ်ခန်းလေးက ပန့်ရဲ့ အိပ်ခန်းလေးမှ ဟုတ်ပါလေစဟု မနည်းပြန်ကြည့်ရသည် ။

ပန်းနုရောင် နှင်းဆီပွင့်တွေကို မြင်တွေ့လိုက်ရချိန်မှာ တော့ ပန်းကြို က်မလေး၏ အလှမျက်နှာမှာ အပြုံးတွေဝေသွားသည် ။

"လှလိုက်တာဟယ်"

"ချစ်စရာကောင်းလိုက်တာ"

အခန်းတံခါးကို ဆွဲပိတ်လိုက်ပြီး တစ်ခန်းလုံးအနှံ့ စေ့စေ့စပ်စပ်က လေးကြည့်ကာ ပန့်မျက်နှာမှာ ကျေနပ်ကြည်နူးခြင်း ပီတိတွေနှင့် လင်း လက်နေ၏။

ဟား ပျော်လိုက်တာကွာ။

ပန်းနုရောင်အိပ်ရာပေါ်မှာ တစ်ကိုယ်လုံး ပြန်လှဲရင်း ပန့်အရင် ကြို ရောက်နေသော မွေးပွ ဝက်ဝံရုပ်ကြီးကို ရင်ခွင်ထဲ တင်းတင်းကြပ်ကြပ် လေး ဆွဲပွေ့ထားလိုက်သည် ။

အား မွေးလိုက်တာ။

ပန့်အကြိုက် ခပ်ဖျော့ဖျော့ သင်းမွှေးသော စံပယ်ရနံ့က ပန်၏ နောက်ကျိုရှုပ်ထွေးနေသော စိတ်ကို ကြည်လင်လန်းဆန်းသွားစေသလို စိတ်ဆိုးဒေါသ ဖြစ်ခဲ့ရသမျှကိုလည်း ပြေလျော့သွားစေသည် ။

ဘယ်သူများ ပန့်စိတ်ထဲ ကြည်သာလန်းဆန်းသွားအောင် ဤမျှ အချိန်ယူအနုစိတ် ပြုပြင်ချယ်မှုန်းထားပါလိမ့်မလဲ။

ဘွားတော့ မဖြစ်နိုင်။

ဒေါ်လေးနန်းခေမာဆိုတာက ဝေလာဝေး။ ဒါဖြင့် တခြား ဘယ်သူဖြစ်မလဲ။ အဖြစ်နိုင်ဆုံးလူက သန္တာကျွန်းစံအိမ်ကြီးမှာ တစ်ယောက်တည်းရှိသည် ။ ထိုသူက တခြားသူမဟုတ်။

ပန် ကြည့်မရအောင် မုန်းလှသည် ဟု မကြာခဏ ကြွေးကြော်နေမိသော ဦးစစ်ဆိုသည့်လူကြီး။ ဒီလူကြီးကလွဲပြီး ပန့်စိတ်ကြိုက် လုပ်ပေးနိုင်မည့်သူ တခြားမရှိ။

ဟွန်း အကြောင်းမသိရင် ခက်မယ်။ လမ်းခရီးမှာ ပန် အခုလို အဆင်မပြေမှာ ၊ စိတ်ဆိုး ဒေါသဖြစ်ချင်စရာတွေ ကြုံလာမှာ ကို ကြိုသိထားလို့ အခုလို ပန့်စိတ်ကြိုက်ကမ္ဘာလေးတစ်ခု ဖန်တီးပေးထားပြီး ပန် စိတ်ဆိုးဒေါသပြေအောင် တမင်ချော့တာဟု ပန်က သူမ နားလည်သလို တွေးယူ အမိပ္ပာယ်ဖွင့်လိုက်သည် ။

စစ်မင်းဟု န်ဆိုသည့် လူတစ်ယောက်၏ ချစ်ခြင်း မြတ်နိုးခြင်းဖြင့် ထုံမွှန်းဖွဲ့ထားသည့် ရင်တွင်းဖွဲ့ ခံစားချက်များ ဟု မတွေး။

သိလည်း မသိ။

အိပ်ခန်းလေးအနံ့ အနုစိတ်ကအစ အလှဆုံးတွေနှင့် ပန့်အကြိုက် ထုံမွှန်းထားပုံကိုသာ လှည့်ပတ်ကြည့်ရင်း အပူအပင်ကင်းသော ကလေး

တစ်ယောက်နှယ် မြင်တွေ့ရသမျှ တအံ့တသြ သဘောတကျဖြင့် ခစ်ခနဲ အသံထွက်၍ ရယ်လိုက်မိပါလေသတည်း။

ဤသည် က ပန်ဆိုသည့် လှပနုနယ်ချစ်စဖွယ် မိန်းမငယ်လေး၏ ရင်တွင်းခံစားမှုသာဖြစ်သည် ။

***